
SEIKKU CHO CHO
PUBLISHING HOUSE

mgyoe.com



ရွှေဥဒေါင်း

# ဗုဒ္ဓဘာသာ၏ ရှုထောင့်များ

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

**Various Kinds of BOOKS**
**Different FORM of ARTS.**

အမျိုးမျိုးသောစာအုပ်အစုံစုံတို့၏ အသွင်ကွဲပြားသောအနုပညာ

SOD0020

600.00 KS

၁၉၉၉ ခုနှစ်တွင် စတင်ကာ
၂၀၀၉ ခုနှစ်တွင်ကျရောက်သော
၁၀ နှစ်ပြည့် စိတ်ကူးချိုချိုစာအုပ်တိုက်၏
အမှတ်တရဖြစ်ဖွယ် အကြိုစာအုပ်များ
၄၅

mgyoe.com

mgyoe.com

ဖုဒ္ဓဘာသာ၏ရှုထောင့်များ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၂၉၀၅၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၃၃၈၀၇၀၉ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဿ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊တာမွေ၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လတွင် တန်ဖိုး ၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ◦ သစ္စာ

mgyoe.com

mgyoe.com

## ဗုဒ္ဓဝါဒရှုထောင့်

### ကားလ်မာ့က်စ်နှင့် မဟတ္တမဂန္ဒီတို့၏ ဝါဒများကို ဗုဒ္ဓဝါဒ "ပေတံ" ဖြင့် တိုင်းထွာခြင်း

အသက်အရွယ်ကြီးပြင်းလာပြီဖြစ်သော ဤနောက်ပိုင်းတွင် ကျွန်ုပ်သည် ပြဿနာအရပ်ရပ်ကိုဖြစ်စေ၊ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၏ အယူဝါဒနှင့် အပြုအမူများကိုဖြစ်စေ၊ ဗုဒ္ဓဝါဒရှုထောင့်မှ ဆန်းစစ်ဝေဖန်တတ်သော အလေ့အကျင့်ဖြစ်ပေါ်လာခဲ့သည်။ ကျွန်ုပ်တို့လက်ထက်တွင် နည်းစနစ်တီထွင်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ၌ ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ကားလ်မာ့က်စ်နှင့် မဟတ္တမဂန္ဒီ၏ အဟိံသဝါဒတို့မှာ သဘောကျလျှင်ကျသလို သဘောမကျလျှင် မကျသလို ဝေဖန်သူ အမြောက်အမြား ပေါ်ထွက်ခဲ့ကြ၏။ ကျွန်ုပ်တို့အဖို့ရာ၌မူ ကိုယ်တိုင်က သဘောကျခြင်း မကျခြင်းကို အပထား၍ ထိုပုဂ္ဂိုလ်ကြီးများ၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဝါဒတည်းဟူသော 'ပေတံ'နှင့် တိုင်းထွာပါက မည်မျှအထိ အောင်မြင်ထိုက်သည် မည်မျှထက် ပို၍ မအောင်မြင်နိုင်ဟူသည်ကို တင်ပြရန် ကြိုးစားလိုသည်။

mgyoe.com

mgyoe.com


# ပရိယေသန မူလက ဒုက္ခ

ကားလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်နှင့်ပတ်သက်၍ ကျွန်ုပ်သဘောမကျဘဲ မနေနိုင်သော ရည်ရွယ်ချက်ကြီးမှာ လူတိုင်းလူတိုင်း အလုပ်အကိုင် ကိုယ်စီရှိ၍ အလုပ်လက်မဲ့ မရှိစေရ၊ သားသမီးများ၏ ပညာရေးအတွက် မပူပန်ရ၊ နာဖျားရေးနှင့် အိုမင်းမစွမ်း ဖြစ်ရေးအတွက် မကြောင့်ကြရ။ အစိုးရက တာဝန်ယူသည်ဆိုသော အချက်ပင် ဖြစ်လေသည်။ ဂေါတမ ဗုဒ္ဓက ပရိယေသန မူလက ဒုက္ခဟု ဟောတော်မူရာ၊ အဓိပ္ပာယ်မှာ ဝမ်းရေးအတွက် ထိန်းကျောင်းရခြင်းတည်းဟူသော အလုပ်သည် ဒုက္ခကြီးတစ်ခု ဖြစ်သည်ဟု ဟောတော်မူ၏။ များစွာသော တိုင်းပြည်များ၌ ဝမ်းရေးအတွက် အလုပ်လုပ်ရသော ဒုက္ခအပြင် ထိုအလုပ်ကို ရအောင် ကြံစည်အားထုတ် ရခြင်းသည်လည်း ဒုက္ခကြီးတစ်ခုဖြစ်နေ၏။ များစွာသော တိုင်းသူပြည်သားတို့ အဖို့မှာ ဝမ်းစာအတွက် အလုပ်လုပ်ရသော ဒုက္ခထက်၊ အလုပ်ရအောင် ရှာကြံရသော ဒုက္ခကပင် ပိုမိုကြီးကျယ်၍ အလုပ်လက်မဲ့အဖြစ်နှင့် တလည်လည်ဖြစ်ကာ စားရမဲ့ သောက်ရမဲ့ ဖြစ်ကြရသော အလုပ်သမား ဆင်းရဲသား အရေအတွက်သည် မနည်းလှဟု ကြားသိရ၏။ ဆိုရှယ်လစ် တိုင်းပြည်များတွင် အစိုးရက အလကားကျွေးထား၍ ထိုင်စားကြသည် မဟုတ်သော်လည်း ထိုက်တန်သော အလုပ်တစ်ခုရဖို့အတွက် အစိုးရက တာဝန်ယူသည်ဆိုသောကြောင့် ဝမ်းရေးအတွက် အတော်စိတ်အေးရ၍ ဗုဒ္ဓဟောတော်မူသည့် ပရိယေသနမူလက ဒုက္ခမှ တော်တော်ကြီးသက်သာရာရသဖြင့် ကျွန်ုပ်သဘောကျမိသည်။

mgyoe.com

mgyoe.com


## လောကနိဗ္ဗာန်တဲ့

မာ့က်စ်ဝါဒသမားများကမူ ဆိုရှယ်လစ်စနစ် (ထို့နောက် ကွန်မြူနစ်စနစ်)သည် လောကနိဗ္ဗာန် တည်ထောင်ခြင်းပင် ဖြစ်သည်ဆိုကာ အသားယူ၍ ပြောတတ်ကြ၏။ ကားလ်မာ့စ်က လည်း ဤအတိုင်းပင် ယူဆသည့် လက္ခဏာရှိ၏။ 'စားနေဝတ်' ဖူလုံလျှင် လူ့လောကသည် နိဗ္ဗာန်ချမ်းသာနှင့် နှိုင်းယှဉ်နိုင်သကဲ့သို့ မှတ်ထင်ကြပုံရ၏။ နိဗ္ဗာန်ဟူသော စကားကို ဤနေရာမျိုး၌ သုံးထိုက်ခြင်း၊ မသုံးထိုက်ခြင်းကို အပထား၍ ကားလ်မာ့က်စ် ရည်မှန်းသော ဆိုရှယ်လစ်တိုင်းပြည်များသည်လည်းကောင်း၊ ထိုထက်တစ်ဆင့်တက်၍ ကွန်မြူနစ် စနစ် တိုင်းပြည်မျိုး ဖြစ်လာခဲ့လျှင်လည်းကောင်း 'လောကနိဗ္ဗာန်' ခေါ်ရလောက်အောင် တကယ်ငြိမ်းချမ်းခြင်းမျိုး ရှိနိုင်လိမ့်မည် မဟုတ်ချေ။

## ကွန်မြူနစ်နှင့် သာမန်အလုပ်သမား

ရှင်းဦးအံ့၊ ကားလ်မာ့က်စ်၏ ရည်ရွယ်ချက်အတိုင်း ဤလက်ထက်တွင် ဖြစ်ပေါ်လျက်ရှိသော ဆိုရှယ်လစ်တိုင်းပြည်များအနက် ဆိုဗီယက် ရုရှားပြည်သည် ရှေးဦးစွာ ပေါ်ပေါက်လာသော တိုင်းပြည်ဖြစ်၍ အကြီးကျယ်ဆုံးသော တိုင်းပြည်ဖြစ်သည်အလျောက် 'လောကနိဗ္ဗာန်' ခေါ်ဆိုလောက်အောင် ငြိမ်းချမ်းမှုရှိမရှိကို ဗုဒ္ဓဝါဒ၏ 'ပေတံ' ဖြင့် တိုင်းထွာကြည့်ကြပါအံ့၊ ရုရှားပြည်၌ တိုင်းပြည်အုပ်ချုပ်မှုတွင် ကြိုးကိုင်ကြသော မာ့က်စ်ဝါဒီခေါ် ကွန်မြူနစ်များနှင့် သာမန် အလုပ်သမားများဟူ၍ လူနှစ်စား ရှိသည်ဆို၏။ တိုင်းပြည်အုပ်ချုပ်သော မာ့က်ဆစ်ဝါဒီများသည် အလုပ်သမားများအား ကိုယ်စားပြုသော လူများပင်

mgyoe.com

mgyoe.com

ဖြစ်ပါသည်ဟု ဆိုကြပေလိမ့်မည်။ ဤအချက်ကို ကျွန်ုပ်ငြင်းလိုသည်မဟုတ်၊ တိုင်းပြည်အုပ်ချုပ်သော မာ့က်ဆစ်ဝါဒီများသည် အခြားတိုင်းပြည်များမှာကဲ့သို့ အရင်းရှင်များအတွက် ကိုယ်စားပြုသူများ မဟုတ်ခြင်းကိုလည်း ကျွန်ုပ်နားလည်၏။ မည်သို့ဆိုစေ၊ ကရုရှော့သည် သိုးကျောင်းသားမှ တက်လာသော ဝန်ကြီးချုပ်တစ်ယောက် မှန်သော်လည်း ယခုအချိန်၌ နှင်တံကို ကိုင်လျက် သိုးကျောင်းသော အလုပ်ကို လုပ်တော့သည် မဟုတ်ပါ။ ဤကဲ့သို့ မလုပ်ခြင်းအတွက်ကြောင့် 'စီးပိုးသည်' ဆိုကာ အပြစ်ပြောလိုခြင်းလည်း မဟုတ်ရပါ။ ကွန်မြူနစ်ခေါ် မာ့က်စ်ဝါဒီများနှင့် ကြွင်းကျန်သော တိုင်းသူပြည်သားများမှာ အလုပ်ခြင်းတစ်မျိုးစီဖြစ်ခြင်းကို ထင်ရှားစိမ့်သောငှာ ပိုင်းခြားသတ်မှတ်ခြင်းမျှသာ ဖြစ်ပါသည်။ ရုရှားပြည်တွင် လူဦးရေ သန်းပေါင်းနှစ်ရာကျော် ရှိသည့်အနက် ကွန်မြူနစ်များမှာ ရာခိုင်နှုန်းအနည်းငယ် (သုံးလေးသန်း) မျှသာရှိ၍ ကြွင်းကျန်သော ပြည်သူပြည်သားများမှာ အလုပ်သမားသက်သက်များသာ ဖြစ်သည်ဟု ကြားသိရ၏။ ကွန်မြူနစ်များသည် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို တည်ဆောက်ကြသော ဗိသုကာများဖြစ်ကြသည်ဆိုရာ ကြွင်းကျန်သော တိုင်းသူပြည်သားများမှာ ထိုစနစ်၏ အကျိုးကျေးဇူးကို ခံစားကြရသောလူများသာ ဖြစ်သည်ဟု ဆိုရပေမည်။ အလုပ်သမားတိုင်းပြည်ဟု ခေါ်ထားပါလျက် တိုင်းသူပြည်သားကို နှစ်မျိုးနှစ်စား ခွဲခြားရမည်လောဟု အပြစ်မပြောလိုက်ပါလေနှင့်၊ ရည်ရွယ်ချက်ရှိသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်ကား ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ထောင်ခဲ့ကြသော ဗိသုကာ (ကွန်မြူနစ်) များသည် လောကနိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းမှုကို ခံစားလျက် ရှိကြသလော၊ သို့တည်းမဟုတ် သာမန်တိုင်းသူပြည်သား အလုပ်သမားများသည်

mgyoe.com

mgyoe.com

လောကနိဗ္ဗာန်တည်းဟူသော ချမ်းသာသုခကို ခံစားလျက် ရှိကြသလောဟူသည်ကို တခြားစီ ခွဲထုတ်စစ်ဆေးလိုသောကြောင့်မျှသာ ဖြစ်ပါသည်။

## မာ့က်ဆစ်များ၏ အထင်ကြီးချက်

ဆက်၍ရှင်းဦးအံ့ ဤကဲ့သို့ နိဒါန်းပျိုးလိုက်သည်ဆိုလျှင် 'ဗိသုကာ' များသည်သာလျှင် လောကနိဗ္ဗာန်တည်းဟူသော ချမ်းသာသုခကို ခံစားလျက်ရှိကြသည်ဟု ကျွန်ုပ်က စွပ်စွဲတော့မည် ထင်ကြပါက မှားပေလိမ့်မည်။ ကျွန်ုပ်သည် မည်သူ့အားမျှ နှိပ်နယ်လိုသော စေတနာမရှိဘဲ၊ ဗုဒ္ဓဝါဒ ပေတံဖြင့် တည့်တည့်ကျကျ တိုင်းထွာကာ တင်ပြလိမ့်မည်သာ ဖြစ်ပါသည်။ ရှေးဦးစွာ 'ဗိသုကာ' ဆိုသူများ၏ လောကနိဗ္ဗာန်ကို စစ်ဆေးကြပါစို့၊ ကမ္ဘာ၌ အနှံ့အပြားရှိနေကြသော မာ့က်ဆစ်ဝါဒီများ၏ ထင်မြင်ချက်မှာ မာ့က်ဆစ်ဆိုသူများသည် အချင်းချင်းလည်း ဝေဖန်ပြ၍ မိမိတို့ကိုယ်ကိုလည်း ဝေဖန်သော အလေ့အကျင့်ရှိကြရသောကြောင့်၊ အဟုတ်တကယ် နှလုံးရည်နှင့်ပြည့်စုံသည့် လူတော်လူကောင်းကြီးများသာလျှင် ပါတီ၏အထွတ်အထိပ်သို့ ရောက်နိုင်ကြသည်ဟု ယုံကြည်ကြ၏။ ပထမ၌ ကျွန်ုပ်သည် ၎င်းတို့၏ ယုံကြည်ချက်ကို ငြင်းဆိုခြင်းမပြုဘဲ ၎င်းတို့ဆိုလိုသော 'လူတော်လူကောင်း' ဟူသည်မှာ မည်သို့သော အနက်အဓိပ္ပာယ်မျိုး ရှိလေသနည်းဟု စဉ်းစားဆင်ခြင်မိ၏။ ယင်းတို့ရှိစဉ် ရုရှားပြည်၌ ဘယ်ရီယာကိစ္စ ပေါ်ပေါက်လာ၏။ ဘယ်ရီယာသည် ရုရှား ကွန်မြူနစ်ပါတီ၏ စွပ်စွဲချက်အရ၊ 'သစ္စာဖောက်' တစ်ယောက်ဖြစ်သည်ဆိုလျှင် ထိုသူသည် ကွန်မြူနစ်ပါတီ၏ ထိပ်ဆုံးတန်းခေါင်းဆောင်တစ်ယောက် ဖြစ်ပေသောကြောင့် အထွတ်အထိပ်

mgyoe.com

mgyoe.com

သို့ရောက်သော ပါတီခေါင်းဆောင်များ၏ အရည်အချင်းနှင့် ပတ်သက်၍ မှာ့က်ဆစ်များ၏ အထက်ပါ တင်ပြချက်မှာ မှားလေပြီတကားဟု စဉ်းစားမိသည်။ အကယ်၍ ဘယ်ရီယာက ဖောက်ပြန်ခြင်းမဟုတ်ရဘဲ ကွန်မြူနစ်ခေါင်းဆောင်များက လုပ်ကြံစွပ်စွဲကာ သုတ်သင်လိုက်ကြခြင်းဖြစ်ပါလျှင်လည်း မာ့က်ဆစ်ဝါဒီများနှင့်ပတ်သက်၍ သာ၍ပင် ဆိုးရွားသွားပေလိမ့်ဦးမည်။ ထိုအချင်းရာနှစ်ခုအနက် မာ့က်ဆီးဇိမ်နှင့်ပတ်သက်၍ အနည်းငယ် သက်သာရာရလေအောင်၊ ဘယ်ရီယာကို အဆိုးထားသည်ဆိုပါဦး၊ ထိပ်တန်းမာ့က်ဆစ်များနှင့် ပတ်သက်၍ အထင်ကြီးကြခြင်းမှုကား မှားယွင်းကြောင်း ထင်ရှားသည်ဟု ဆိုရပေတော့မည်။

## သာ၍ အရုပ်ဆိုးခြင်း

ဤနောက်ပိုင်း၌မူ ဘယ်ရီယာကိစ္စထက် အရုပ်ဆိုးသောကိစ္စများ ဖြစ်ပေါ်လာပြန်၏။ အရုပ်ဆိုးသည်ဟု ဆိုရခြင်းမှာ ဘယ်ရီယာကဲ့သို့ တစ်ဦးတစ်ယောက်တည်း ကိစ္စမျိုးမဟုတ်တော့ဘဲ ထိပ်တန်းခေါင်းဆောင်ကြီးတွေ တသီတတန်းကြီး အစုလိုက် အပြုံလိုက် ပြုတ်ကျသောကြောင့်ဖြစ်၏။ ထိုအထဲတွင် ဝန်ကြီးချုပ်များဖြစ်ကြသည့် မာလင်ကော့နှင့် ဘူလ်ဂါနင်တို့လည်း ပါဝင်၏။ စတာလင်ကွယ်လွန်စ အချိန်က ဝန်ကြီးချုပ်ဖြစ်လိမ့်မည်ဟု တစ်ပေးခြင်း ခံရဖူးသော မိုလိုတော့လည်း ပါဝင်၏။ နိုင်ငံခြားရေးဝန်ကြီး ရှက်ပီလော့လည်း ပါဝင်၏။ (ရုရှားပြည်၌ နိုင်ငံခြားရေးဝန်ကြီးဟူသည်မှာ ထိပ်ထိပ်ကြဲခေါင်းဆောင်မျိုးကိုမှ ခန့်ထားသော အစဉ်အလာရှိ၏။) ထိပ်သီးခေါင်းဆောင်များအနက်တွင် နာမည်ကြီးသော ကာဂါနိုဗစ်လည်း ပါဝင်လေသည်။ ကျွန်ုပ်သည် အထက်ပါ ခေါင်းဆောင်

mgyoe.com

mgyoe.com
ကြီးများအား ဖြုတ်ချခြင်းအတွက် အပြစ်ဆိုလိုခြင်းလည်းမဟုတ်၊ ထောက်ခံလိုချင်းလည်းမဟုတ်၊ မာ့က်ဆစ်ဝါဒအတိုင်း ကျင့်သုံးလိုက်နာသော လူများသည် အကြိမ်ကြိမ်အဖန်ဖန် လှော်ထားသည့် ဇမ္ဗူရစ် ရွှေစင်ကဲ့သို့ အပြစ်အနာအဆာများ ကင်းစင်လှသည်ဆိုသော ယုံကြည်ချက်သည် 'လေပူဖောင်း' ကဲ့သို့ ပေါက်ကွဲသွားလေပြီဟူ၍ ထောက်ပြရန်မျှသာ ဖြစ်လေသည်။ သို့ဆိုလျှင် မာ့က်ဆီးဇ်မ်သည် လူသား၏ ဆိုးယုတ်ခြင်းတည်းဟူသော အညစ်အကြေးများကို ချွတ်နိုင်သော သတ္တိရှိသည် မဟုတ်ခြင်းကား ထင်ရှားသည်ဟု ဆိုရပေမည်။ လူသား၏ အညစ်အကြေးဟူသည်မှာ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အကုသိုလ်တရားများမှ ဖြစ်လာလာရသည်ဟု ဗုဒ္ဓဟောတော်မူခဲ့ရာ ဗုဒ္ဓဝါဒ 'ပေတံ' ဖြင့် တိုင်းထွာသည်ရှိသော် မာ့က်ဆ်ဝါဒီတစ်ယောက်သည် အညစ်အကြေးများ အပြည့်အဝပင် ရှိသေးသည်ဟု ဆိုရပေလိမ့်မည်။

## လောကနိဗ္ဗာန်နှင့် ဝေးလှချေသေး

ထိပ်သီးမာ့က်ဆစ်များ၌ လောဘ၊ ဒေါသ၊ မောဟများ ရှိသေးခြင်းကား ဟုတ်ပါပြီ။ လောကနိဗ္ဗာန်ဟု ခေါ်ရလောက်အောင် စိတ်ချမ်းသာမှု ရှိပါ၏လောဟု ဆက်လက်စစ်ဆေးဖို့ လိုသေး၏။ ဗုဒ္ဓဝါဒီများအဖို့မှာ လောဘ၊ ဒေါသ၊ မောဟရှိနေသမျှ ကာလပတ်လုံး စိတ်ငြိမ်းချမ်းခြင်း မရှိနိုင်ဟူ၍ တစ်ခါတည်း လက်ခံယုံကြည်ကြမည်ဖြစ်သော်လည်း စိတ်ငြိမ်းချမ်းခြင်းဟူသော သဘောတရားကို နားလည်ကြသည့် လက္ခဏာမရှိသော် မာ့က်ဆစ်များအတွက် ရှင်းလင်းဖော်ပြရပေဦးမည်။ ရုရှားဝန်ကြီးချုပ်နေရာသို့ ဗြိတိသျှ ထီးနန်းဆက်ကဲ့သို့ တစ်ယောက်
mgyoe.com

mgyoe.com

ပြီးတစ်ယောက် အသာတကြည် ဆင်းကြတက်ကြသည်ဆိုလျှင် ရုရှားပြည်၌ ဆိုရှယ်လစ် အုပ်ချုပ်ရေးစနစ်သည် ငြိမ်းချမ်းခြင်း ရှိ၍ အုပ်ချုပ်သူများ အဖို့ရာတွင်လည်း ဣန္ဒြေရပါပေသည်ဟု တင်စားစရာရှိပေ၏။ ယခုသော် ဘယ်ရီယာကိစ္စပြီးသည့်နောက် မာလင်ကော့ ဘူလ်ဂါနင် စသော ခေါင်းဆောင်ကြီးများ၏ ကိစ္စများကလည်း ဆက်လက်ပေါ်ပေါက်ခဲ့ရကား ရုရှားပြည်၌ ကွန်မြူနစ်ခေါင်းဆောင်ကြီးများသည် နံပါတ်တစ် ခေါင်းဆောင် အဖြစ်သို့ ရောက်အောင် အကြိတ်အနယ် ကြံစည်အားထုတ် လျက်ရှိကြ၍ ၎င်းတို့ကိုယ်တိုင် ငြိမ်းချမ်းမှု မရှိခြင်းကား ထင်ရှား သည်ဟု ဆိုထိုက်ပေတော့သည်။ နံပါတ်တစ် ခေါင်းဆောင်ဖြစ် အောင် လူတိုင်း အားမထုတ်စကောင်းသလောဟု မေးငြားအံ့၊ အားမထုတ်စကောင်းဟု ဆိုလိုခြင်း မဟုတ်ရပါ။ သို့ရာတွင် ရာထူးလျှောချ၍ မိုလိုတော့ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးအား မွန်ဂို လီးယားကဲ့သို့သော တိုင်းပြည်ငယ်တစ်ခုသို့ သံအမတ်အဖြစ်နှင့် ပို့ထားရလောက်အောင် အရေးတကြီး လုယက်မှုမျိုး ဖြစ်ကြရ လိမ့်မည်ဟူ၍ အခြားတိုင်းပြည်များမှ မာ့က်ဆစ်များကိုယ်တိုင် မျှော်လင့်ခဲ့ကြဟန် မတူချေ။ ၎င်းတို့ ကိုယ်တိုင်လည်း အံ့အား သင့်ခဲ့ကြပုံရ၏။ ကောက်နုတ်ချက် ထုတ်လိုက်သော် ထိပ်သီး မာ့က်ဆစ်များ ရှိသည့် ဆိုဗီယက် ယူနီယံ၌ပင် ကွန်မြူနစ်ခေါင်း ဆောင်များသည် နံပါတ်တစ်ဖြစ်သော ဝန်ကြီးချုပ်နေရာကို လိုချင်သော လောဘဇောနှင့် လုပ်ကြံဖို့ ကြိုးစားကြသည်ဆိုလျှင် ဆိုရှယ်လစ်တိုင်းပြည် ဆောက်လုပ်ခဲ့ကြသော ဗိသုကာများ ကိုယ်တိုင်မှာ ဗုဒ္ဓဝါဒပေတံဖြင့် တိုင်းထွာသည့်အခါ လောက နိဗ္ဗာန်နှင့် ဝေးသေးသည်ဟု ဆိုနိုင်သည် မဟုတ်ပါလော။

mgyoe.com

mgyoe.com


## သာမန်အလုပ်သမားများ

ကောင်းပါပြီ 'ဗိသုကာ' များကို ချန်လှပ်၍ တိုင်းသူပြည်သား အလုပ်သမားများသည် လောကနိဗ္ဗာန်ဟု ခေါ်ဆိုလောက်အောင် စိတ်ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြပါ၏လောဟု ဆန်းစစ်ကြပါဦးစို့။ ဆိုရှယ်လစ်တိုင်းပြည်များ၌ 'စား၊ နေ၊ ဝတ်' အတွက် အထိုက်အလျောက် ဖူလုံကြသည်ဆိုသောကြောင့် ပရိယေသန မူလက ဒုက္ခ၏ အစိတ်အပိုင်းကြီးတစ်ခုမှ သက်သာရာရခြင်းကို ကျွန်ုပ်ဝန်ခံခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လူဟူသော သတ္တဝါသည် တိရစ္ဆာန်များနှင့် တူသည်မဟုတ်ချေ။ တိရစ္ဆာန်များအဖို့မှာ 'စား၊ နေ၊ ဝတ်' အတွက် ဖူလုံသည်ဆိုလျှင် (ဖိုနှင့်မသူ့အတွဲနှင့်သူ နေကြရသည်ဆိုပါက) အတော်ကြီး ငြိမ်းချမ်းမှုရှိကြသည်ဟု ဆိုနိုင်၏။ လူသတ္တဝါများမှုကား ထိုကဲ့သို့ မဟုတ်သေး၊ စီးပွားရေးတုပယှဉ်ပြိုင်ဖို့ မဖြစ်နိုင်ဆိုသော ဆိုရှယ်လစ်တိုင်းပြည်များ၌ လူများသည် အခြားသော ကိစ္စများတွင် တုပယှဉ်ပြိုင်မှုများ ရှိကြလိမ့်မည်သာ ဖြစ်၏။ လူသတ္တဝါသည် (ပုထုဇဉ်အဖြစ်၌ ရှိနေသမျှကာလပတ်လုံး) တစ်စုံတစ်ခုကို မူတည်ကာ ယှဉ်ပြိုင်နေကြလိမ့်မည်သာဖြစ်၏။ ယှဉ်ပြိုင်မှုရှိခြင်းအတွက်ကြောင့် သက်ဆိုင်ရာ၌ တိုးတက်မှုရှိခြင်းကား မှန်သည်။ သို့ရာတွင် ယှဉ်ပြိုင်မှုရှိသည်ဆိုကတည်းက ဣဿာမစ္ဆရိယတည်းဟူသော မနာလိုဝန်တိုမှုများ ဖြစ်ပေါ်လာ၍ စိတ်၏ပင်ပန်းဆင်းရဲခြင်း ခံရတော့မည်မှာလည်း ဧကန်မုချတည်း။

## တစ်နည်းနည်းယှဉ်ပြိုင်ရမည်

ရှင်းဦးအံ့။ စီးပွားရေးယှဉ်ပြိုင်မှုမရှိဘဲ 'စား၊ နေ၊ ဝတ်' အတွက် ဖူလုံသော ဆိုရှယ်လစ်တိုင်းပြည်များတွင်၊ တိုင်းသူပြည်

mgyoe.com

mgyoe.com


သားများသည် မိန်းမများအဖို့၌ အလှအပချင်းသော်လည်း ကောင်း၊ ယောက်ျားများအဖို့၌ ကာယဗလချင်းသော်လည်း ကောင်း၊ ပညာချင်းသော်လည်းကောင်း၊ စိတ်ကူးဉာဏ်ချင်းသော် လည်းကောင်း၊ သားချင်း သမီးချင်းသော်လည်းကောင်း တစ်နည်း နည်းတစ်ဖုံဖုံ တစ်မျိုးတစ်မည်အားဖြင့် ယှဉ်ပြိုင်ကြလိမ့်မည်သာ ဖြစ်၏။ အင်္ဂလန်ပြည်၌ မလုပ်ဘဲ မကိုင်ဘဲ ထိုင်၍ စားနိုင် သော မြေပိုင်ရှင်လူတန်းစားမျိုးရှိကြသည် ဆိုရာ ၎င်းတို့သည် အလုပ်သမားများ လူတန်းစားများ ယှဉ်ပြိုင်ဖို့ စိတ်ကူးမထည့်နိုင် ကြသည့်ကိစ္စများ၌ ယှဉ်ပြိုင်လျက်ရှိကြ၏။ ထိုနည်းအတူ ဆိုရှယ်လစ်နိုင်ငံများတွင်လည်း အလုပ်သမားများသည် အခြား သောတိုင်းပြည်များမှ အလုပ်သမားများ ယှဉ်ပြိုင်ဖို့ စိတ်ကူး မထည့်နိုင်ကြဘဲ အင်္ဂလန်ပြည်မှ မြေပိုင်ရှင်များ ယှဉ်ပြိုင်ကြသည့် ကိစ္စမျိုးသို့ တက်၍ ယှဉ်ပြိုင်လာကြပေတော့မည်။ ဤသို့ဆိုလျှင် တိုးတက်ခြင်းပင် မဟုတ်ပါလောဟု မေးငြားအံ့၊ တိုးတက်ခြင်း တော့ ဟုတ်ပါ၏ သို့ရာတွင် စိတ်၏ငြိမ်းချမ်းမှုကား (ဗုဒ္ဓဝါဒ ပေတံဖြင့် တိုင်းထွာသော်) ထူးမခြားနားပင် ဖြစ်သည်ဟု ဆိုရ ပါလိမ့်မည်။

## ယှဉ်ပြိုင်လျှင် ဆင်းရဲမည်

ဆက်၍ ရှင်းဦးအံ့ ယှဉ်ပြိုင်ချင်သော စိတ်မျိုးရှိသည် ဆိုကတည်းက နိုင်ရမှ ကျေနပ်ဝမ်းသာ၍ ရှုံးရလျှင် မခံချင်သော ဒေါမနဿစိတ်မျိုး ဖြစ်ပေါ်တတ်ခြင်းမှာ လူသတ္တဝါတို့၏ ဓမ္မတာပင် ဖြစ်၏။ အားကစားခြင်းနှင့် ပတ်သက်သော ယှဉ်ပြိုင် မှုများ၌ ရှုံးသောလူက ဒေါမနဿ အမူအရာမျိုး မဖော်ပြဘဲ နိုင်သူအား လက်ဆွဲကာ ဝမ်းသာပါသည်ဟု ပြောရခြင်းမှာ မွန်မြတ် အလေ့အကျင့်တစ်ခု ဖြစ်သည်ဟု ဝန်ခံလိုပါ၏။

m.gyoe.com

mgyoe.com


သို့ရာတွင် ဒေါသကို မျိုသိပ်မရနိုင်လောက်အောင် မျက်နှာကြီး ပုပ်သိုးနေခြင်းထက် ယဉ်ကျေးသော အမူအရာဖြစ်သည်ဆိုကာ အလေ့အကျင့် ပြုကြရခြင်းမျှသာ ဖြစ်ပေရာ၊ နိုင်သူအတွက် ရှုံးသူက အဟုတ်တကယ် ဝမ်းသာနိုင်သူများမှာ ရာခိုင်နှုန်း အားဖြင့် ဒသမလောက်သာ ရှိကြပေလိမ့်မည်။ ဤသို့သော အမူအရာမျိုးသည် အားကစားခြင်းနှင့် ပတ်သက်၍ ယှဉ်ပြိုင်ကြ ရာတွင် ထားရှိအပ်သော စိတ်ထား (Sporting Spirit) ဟူ၍ ဆိုလိုကြပေရာ၊ အခြားသော ယှဉ်ပြိုင်မှုများ၌ ထိုကဲ့သို့သော စိတ်ထားမျိုး ထားရှိနိုင်သူတို့မှာ ရာခိုင်နှုန်းအားဖြင့် သာ၍ပင် နည်းပါးပေလိမ့်မည်။ ဆိုလိုရင်းမှာ စီးပွားအနေဖြင့် ယှဉ်ပြိုင်မှု မရှိစေကာမူ၊ မည်သည့်ကိစ္စ၌ ယှဉ်ပြိုင်သော စိတ်မျိုးဝင်လာ သည်ဖြစ်စေ မနာလို ဝန်တိုခြင်းတည်းဟူသော အကုသိုလ် စိတ်မျိုးဖြစ်လာ၍ ရှုံးသူ၏စိတ်ကို မကြည်မရွှင် မချမ်းမမြေ့ ဖြစ်စေနိုင်သည်ဟူလို။

## လိုချင်တိုင်းရလျက်လည်း ဆင်းရဲမကင်း

ကားလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်သည် တိုင်းသူပြည် သားများအတွက် 'စား၊ နေ၊ ဝတ်' ဖူလုံစေသည်ဆိုသော်လည်း လွတ်လပ်ခြင်း အပြည့်အဝ မရှိဟူ၍ အရင်းရှင်စနစ်သမားများ က အပြစ်ဆိုကြလေရာ ၎င်းအမြင်မှာ ထိုသူတို့၏ နိုင်ငံရေးအမြင် မျှသာဖြစ်၍ ကျွန်ုပ်က ကန့်ကွက်ရန်လည်း အလိုမရှိ၊ ထောက်ခံ ရန်လည်း အလိုမရှိပေ။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကားလ်မာ့က်စ် ၏ဝါဒ (Ideology) ကို ဗုဒ္ဓဝါဒ ရှုထောင့်မှ ကြည့်သည်ရှိသော် လူ့လောက၌သာမက ၃၁ ဘုံ၌ (ဗုဒ္ဓ၏ ကျင့်စဉ်မှတစ်ပါး) လောကနိဗ္ဗာန်ဟူသည်မှာ မည်သည့်တိုင်းပြည် မည်သည့်ဘုံတွင်

mgyoe.com

mgyoe.com


မှု မရှိချေ။ စား၊ နေ၊ ဝတ် အတွက်မျှလောက် ဖူလုံရုံမျှသာမက အလိုရှိသော ဝတ္ထုပစ္စည်းဟူသမျှကို စိတ်ထဲက တောင့်တရုံမျှနှင့် ရသည်ဆိုသော နိမ္မာနရတိနတ်ဘုံသားများသည်လည်း ချမ်းသာမှု မရှိသေးဟု ဗုဒ္ဓဟောတော်မူ၏။ လိုချင်တိုင်းရသည်ဆိုပါလျက် အဘယ့်ကြောင့် မချမ်းသာဘဲ ရှိနေချေမည်နည်းဟု (လောဘသမားများက) ပြောကြပေလိမ့်မည်။ နိမ္မာနရတိနတ်ဘုံတွင် လိုချင်သော ဝတ္ထုပစ္စည်းကို ဖန်ဆင်း၍ ယူနိုင်သည်ဆိုသော်လည်း စိတ်ကူးဆန်းကြယ်သော နတ်များက ဆန်းဆန်းကြယ်ကြယ် ဖန်ဆင်းထားခြင်းကို အခြားသောနတ်များ မြင်ကြရသောအခါ၊ "ကိုယ့်ထက်သာ မနာလို" ဆိုသော စကားအရ၊ ငါတို့ထက် သာချေပြီတကားဟု မခံချင်သောစိတ်မျိုး ဖြစ်ပေါ်နိုင်သည်ဟု စဉ်းစားမိသည်။ သို့ကတည်းက ပြည့်ဝသော စိတ်ချမ်းသာမှုကို အဘယ်မှာ ရရှိနိုင်ကြပေတော့မည်နည်း။

## လောဘရှိသမျှ ငြိမ်းချမ်းမှု မရှိနိုင်

ကားလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်ဖြင့်ဖြစ်စေ၊ အရင်းရှင်စနစ် တိုင်းပြည်များမှ သူဌေးကြီးများဖြစ်စေ၊ အဟုတ်တကယ် စိတ်ချမ်းသာမှုဆိုသည်မှာ သက်တံနောက်သို့ လိုက်ရခြင်းကဲ့သို့ လိုက်ရင်းရွေ့ရင်း ဖြစ်၍ ဘယ်တော့မှ မီနိုင်မည် မရှိသည့်နည်းတူ လောက၌ စိတ်ချမ်းသာမှုဟူသည်မှာလည်း ဤအရာကို ရပြီးရင်း ထိုအရာကို လိုချင်ရင်း၊ ထိုအရာ ရပြန်ပါတော့လည်း ကိုယ့်ထက်သာသောလူများကို မြင်ရ၍ မနာလိုဝန်တို ဖြစ်ရခြင်းတို့ကြောင့် လုံးဝ စိတ်ချမ်းသာမှုဟူ၍ ဘယ်တော့မှ ရနိုင်သည်မဟုတ်ချေ။ ကားလ်မာ့က်စ်၏ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် တိုင်းသူပြည်သား (ထိုမှတစ်ဖန် ကမ္ဘာသူကမ္ဘာသား)ကို လောက

mgyoe.com

mgyoe.com

နိဗ္ဗာန်သို့ တင်ပို့မည်ဆိုခြင်းမှာ လူသတ္တဝါတို့၏ စိတ်သဘာဝကို နားမလည်ရာရောက်၍ အပူတစ်ခု ငြိမ်းပြီးနောက် အခြားသော အပူတစ်ခု ပေါ်ပေါက်ရမည်သာ ဖြစ်လေသည်။ ဤသည်မှာကား ကားလ်မာ့က်စ်၏ဝါဒကို ဗုဒ္ဓဝါဒရှုထောင့်မှ ရှုဆင်ခြင်ခြင်းပင် ဖြစ်လေသည်။

## မဟာတ္တမဂန္ဒီ၏ တွက်ကိန်း

မဟာတ္တမဂန္ဒီ၏ ဝါဒကား တစ်မျိုးဖြစ်၏။ လူသတ္တဝါသည် ဝတ္ထုပစ္စည်း အဆန်းအသစ်များ သုံးစွဲလိုမှုကြောင့် ဒုက္ခရောက်ရသည်။ နိုင်ငံခြားမှလာသော လူသုံးပစ္စည်းများကို မသုံးစွဲဘဲ ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ သုံးစွဲလျှင် စီးပွားရေး ချောင်လည်၍ လူတွေစိတ်ချမ်းသာရမည်ဟု ယုံကြည်သူဖြစ်၏။ ဥပမာ နိုင်ငံခြားမှလာသော လန်ကက်စတာ ပိတ်ချောများကို ဝယ်ယူဝတ်ဆင်ကြမည့်အစား၊ အိမ်တိုင်းအိမ်တိုင်း ဝါဂွမ်းကို ဗိုင်းငင်၍ ချည်ဖြစ်အောင် လုပ်ပြီး လက်ရက်ကန်းဖြင့် ရက်လုပ်ဝတ်ဆင်ကြရမည်ဟု ဆိုလေသည်။ ရုတ်တရက်ကြည့်သော် ဟုတ်တုတ်တုတ် ထင်ရ၍ ဤနည်းဖြင့် စိတ်ချမ်းသာမှု ရမည့်ယောင်ယောင်ထင်ရ၏။ သို့ရာတွင် ပိတ်ချောကို မမြင်ဖူးသူများ ဖြစ်ခဲ့လျှင် ဟုတ်ကောင်း ဟုတ်ပေမည်။ ပိတ်ချောများကို မြင်ဖူး ဝတ်ဖူးသူများ အဖို့ရာ၌မူကား စိတ်ချမ်းသာမှု၊ သို့မဟုတ် စိတ်ကျေနပ်မှု ရှိနိုင်ကြလိမ့်မည် မဟုတ်ချေ။ တင်းတိမ်ရောင့်ရဲခြင်းဟူသည်မှာ ပြည်သူတစ်ရပ်လုံးအား ခဏတစ်ဖြုတ်အတွက် ဟောပြော၍ ရကောင်းရမည်။ သို့တည်းမဟုတ် တစ်ယောက်တလေအား အခါခပ်သိမ်းအတွက် ဟောပြော၍ ရချင်လည်းရမည်။ သို့ရာတွင် ပြည်သူအားလုံးအား အခါခပ်သိမ်း လိုက်နာ

mgyoe.com